### ကျောင်းသားခေါင်းဆောင် Salai Tin Maung Oo အား စစ်အာဏာရှင်မှ မတရား ကြိုးမိန့်ပေးခံရသည့် ၄၆ နှစ်မြောက် အခါသမယတွင် ချင်းအမျိုးသားတပ်ဦး ဒုတိယဥက္ကဋ္ဌ Dr. Sui Khar ပြောကြားသော ဂုဏ်ပြုစကား

ဒီကနေ့ဟာဆိုလို့ရှိရင် စစ်အာဏာကနေ ကျွန်တော်တို့ရဲ့ လူထုခေါင်းဆောင်၊ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး ကွပ်မျက်ခဲ့တဲ့ ၄၆ နှစ်မြောက် အခါသမယ ဖြစ်ပါတယ်။

အားလုံးသိပြီးတဲ့အတိုင်းပဲ ဆလိုင်းတင်မောင်ဦးဟာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီရေးအတွက် ကျောင်းသား၊ ပြည်သူလူထုကို ဦးဆောင်ပြီးတော့ စစ်အာဏာရှင်ကို ဆန့်ကျင်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒါကြောင့်ပဲ စစ်အာဏာရှင်က သူ့ကို ကြိုးမိန့်ပေး ကွပ်မျက်ခဲ့တာဖြစ်ပါတယ်။ တကယ်တမ်း ပြောရမယ်ဆိုလို့ရှိရင် လူ့ဘောင်အသိုင်းအဝိုင်းမှာကို မနေထိုက် မနေအပ်တဲ့ သူတွေကိုသာ သေဒဏ်ပေးတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ဆလိုင်းတင်မောင်ဦး ကိုတော့ စစ်အာဏာရှင်တွေက သူတို့ကို ဆန့်ကျင်ပြီးတော့ ဒီမိုကရေစီနဲ့ အခြေခံလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်တဲ့အတွက် မတရား ကွပ်မျက်ခဲ့တာ ဖြစ်ပါတယ်။

ဒီတော့ စစ်အာဏာရှင်အောက်မှာ ပြည်သူတွေရဲ့ လုံခြုံရေးဆိုတာ ဘယ်တော့မှ မရှိဘူး။ ဒီကနေ့မှာလည်းပဲ စစ်အာဏာရှင်တွေရဲ့ အကျင့်ဓလေ့က ပြည်သူတွေရဲ့ လုံခြုံရေး၊ ပြည်သူတွေရဲ့ အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ရမယ့်အစား ဖျက်ဆီးနေတဲ့ စစ်အာဏာရှင်တွေဖြစ်တယ်ဆိုတာကို သတိရစေချင်ပါတယ်။

ဒုတိယအနေနဲ့ ပြောချင်တာကတော့ အခု မင်းအောင်လှိုင် ခေါင်းဆောင်နေတဲ့ စစ်အာဏာရှင်တွေဟာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ငြိမ်းချမ်းရေး ဟန်ဆောင်ပြ ဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ သူတို့ပြောတဲ့ စကားလုံး သုံးခု ရှိပါတယ်။ အဲ့ဒါတွေကတော့ ပါတီစုံရွေးကောက်ပွဲလုပ်မယ်၊ ဒီမိုကရေစီ ကျင့်သုံးမယ်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်ဆိုပြီး ပြောကြားတာကို တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ပါတီစုံရွေးကောက်ပွဲ ပြုလုပ်မယ်ဆိုတဲ့ စစ်ကောင်စီပြောတဲ့အပေါ် ဘယ်လောက်အထိ ယုံကြည်ရမှာလဲ။ အခုလည်း ၂၀၂၀ ပါတီစုံရွေးကောက်ပွဲကနေ ထွက်လာတဲ့ရလဒ်ဟာ သူတို့လိုချင်တဲ့ ရလဒ်မဟုတ်လို့ အကြောင်းအမျိုးမျိုးပြပြီး အာဏာသိမ်းတာပဲ မဟုတ်လား။ အဲ့ဒါကြောင့် စစ်အာဏာရှင်ရဲ့လက်အောက်မှာ ဘယ်ရွေးကောက်ပွဲပဲလုပ်လုပ် သူတို့လိုချင်တဲ့ ရလဒ်၊ အဖြေအတိုင်း ထွက်ပေါ်မလာဘူးဆိုလို့ရှိရင် ဆက်လက် အာဏာသိမ်းရမှာပဲဆိုတာကို သတိရစေချင်ပါတယ်။

ဒီမိုကရေစီရဲ့ မူတစ်ခုဟာဘာလဲဆိုရင် (Civilian Supremacy Over The Army) တပ်မတော်သားတွေဟာ ပြည်သူလူထုရဲ့ တိုက်ရိုက်ကွပ်ကဲ၊ ကြီးကြပ်မှုအောက်မှာ ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ လုံးဝ ကင်းရှင်းရမှာ ဖြစ်ပါတယ်။ အခုလိုမျိုး ၂၅ ရာခိုင်နှုန်းတို့၊ ဘာတို့ဟာ ဒီမိုကရေစီနဲ့ လားလားဆန့်ကျင်တဲ့ မူတွေ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် သူတို့ဖော်ဆောင် ဒီမိုကရေစီဟာ လုံးဝ အယုံအကြည် မရှိပါဘူး။ ရိုင်းရိုင်းပြောရရင်တော့ သခင်စိုး စကားကို ပြန်ငှားရမယ်ဖြစ်ပါတယ်။ စစ်ကောင်စီက ဒီမိုကရေစီကို ဖော်ဆောင်ရမယ်ဆိုတဲ့ဟာကတော့ 'ဖာခေါင်းကနေ ပြည့်တန်ဆာပွဲပိုးရမယ်' ဆိုတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် သူတို့ပြောနေတဲ့ ဒီမိုကရေစီဆိုတာဟာ လုံးဝ အယုံအကြည် မရှိပါဘူး။

Chin National Front – General Headquarters, Chinland

တတိယတစ်ခုဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်မယ်ဆိုတဲ့ဟာကလည်း လိမ်ညာပြောနေတာပဲ ဖြစ်ပါတယ်။ သူတို့အနေနဲ့ အဓိက စွဲကိုင်ထားတာကတော့ ၂၀၀၈ ဖွဲ့စည်းပုံ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ၂၀၀၈ ဖွဲ့စည်းပုံကို ဘယ်လိုပဲပြင်ပြင် ပီပြင်တဲ့ ဖက်ဒရယ်ပြည်ထောင်စု မဟုတ်ဘူးဆိုတာ သူတိုင်းအသိပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် သူတို့ ပြောတဲ့ဟာတွေကို နားမယောင်ကြဖို့ ဒီကနေ ကျွန်တော်တို့ တိုက်တွန်းလိုပါတယ်။

ရှင်းရှင်းပြောရရင် မင်းအောင်လှိုင်က ဘာဖြစ်လို့ အာဏာသိမ်းရလဲဆိုလို့ရှိရင် ၂၀၀၈ ဖွဲ့စည်းပုံကို ၁၃ နှစ်ကြာ ရေးဆွဲခဲ့ တယ်။ အဲ့ဒီ ၂၀၀၈ အောက်မှာ ဘယ်ရွေးကောက်ပွဲပဲ လုပ်လုပ် သူတို့ကသာ အာဏာရရှိလိမ့်မယ်လို့ ယုံကြည်ခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ မျှော်မှန်းထားတဲ့အတိုင်း ဖြစ်မလာလို့ အာဏာသိမ်းလိုက်တာဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီစစ်အာဏာရှင်ကို အမြစ်ပြတ် ချေမှုန်းမှပဲ ဒီဒုက္ခတွေနဲ့ ကျွန်တော်တို့ ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။ အဲ့ဒါမှပဲ ပြည်သူတွေ လုံခြုံမှုရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီကနေ ကျွန်တော်တို့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် နေရာတိုင်းမှာ၊ နိုင်ငံတဝှမ်းမှာ သတ်ဖြတ်မှု၊ မီးရှို့မှု၊ လုယက်မှု၊ ဖမ်းဆီးမှုတွေ ပြုလုပ်နေတာကို တွေ့နိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ ဒီစစ်အာဏာရှင်အောက်မှာတော့ ဘယ် ပြည်သူတစ်ဦးတစ်ယောက်မှ လုံလုံခြုံခြုံနဲ့ နေနိုင်ကြမှာ မဟုတ်ပါဘူး။ အဲ့ဒါကြောင့် ဒီစစ်အာဏာရှင်တွေကို ကျွန်တော် တို့ ချေမှုန်းမှပဲ လုံလုံခြုံခြုံနဲ့ ကျွန်တော်တို့လိုချင်တဲ့ ဒီမိုကရေစီ၊ ဖက်ဒရယ်စနစ်ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ အဲ့ဒါကိုပဲ ဆလိုင်းတင်မောင်ဦး တို့ကနေ စပြီးတော့ တိုက်ပွဲဝင်တာ ဖြစ်ပါတယ်။

အဲ့ဒါကြောင့် ကျွန်တော်တို့ ဆလိုင်းတင်မောင်ဦး ကို ရိုသေတယ်၊ ဂုဏ်ပြုတယ်ဆိုလို့ရှိရင် ဒီစစ်အာဏာရှင်စနစ်ကို အတူ တကွ လက်တွဲပြီးတော့ တိုက်ပွဲဝင်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

Dr. Sui Khar

၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်